Message Eleven

# ဘုရားသခင်၏ စီမံကိန်း၌ သခင်ဘုရားကို ကြောက်ရွံ့ခြင်း၏ ပင်ကိုမူလ ပုံဆောင်ချက်

ဖတ်ရန်ကျမ်း။ ။ သု၊၁း၁၊ ၇။ ၂း၄-၅။ ၃း၅-၁၀။ ၈း၁၃။ ၉း၁၀။ ၁၀း၂၇။ ၁၄း၂၊ ၂၆-၂၇။ ၁၅း၁၆၊ ၃၃က။ ၁၆း၆။ ၁၉း၂၃

**I. လူအဖို့ သင့်လျော်မှန်ကန်သည့် လူသားအသက်တာကို အသက်ရှင်ရန် ပထမ အလေ့အလာမှာ သူသည် သခင်ဘုရားကို ကြောက်ရွံ့ရမည်၊ သခင်ဘုရားကို ရိုသေလေးမြတ်ရမည်ဖြစ်သည်။ သခင်ဘုရားကို ကြောက်ရွံ့ခြင်းမှာ ကိုယ်တော်ကို မပြစ်မှားမိရန်၊ ကိုယ်တော်၏မျက်မှောက်တော်ကို မဆုံးရှုံးရန်နှင့် ကိုယ်တော်ကို လာမည့်ခေတ်၌ ကျွန်ုပ်တို့၏ဆုလာဘ်အဖြစ် မရရှိမည်ကို ကြောက်ရွံ့ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် ဤခေတ်တွင် သခင်ဘုရား၏ ပြုံးတော်မူခြင်းနှင့် လာမည့်ခေတ်တွင် ကိုယ်တော်၏ဆုလာဘ်နှင့် လွဲချော်သွားမည်ကို ကြောက်ရွံ့ရမည်ဖြစ်သည် - သု၊၁း၁၊ ၇။ ၈၄း၁၁။ ၂ကော၊၅း၉-၁၀။**

A. သခင်ဘုရားကို ကြောက်ရွံ့ခြင်းမှာ အရာခပ်သိမ်း၌ ကိုယ်တော်ကို စဉ်းစားဆင်ခြင်ခြင်းနှင့် အလေးထားခြင်း ရှိရန်၊ ကိုယ်တော်သည် ကျွန်ုပ်တို့ကို ဖန်ဆင်းတော်မူသည့် အံ့သြဖွယ်သော ဘုရားသခင်ဖြစ်ကြောင်း ဘယ်တော့မှ မမေ့လျော့ရန် ဖြစ်သည် (ဟေရှာ၊၄၃း၇)။ သခင်ဘုရားကို ကြောက်ရွံ့ခြင်းသည် ကျွန်ုပ်တို့ကို မကောင်းမှုပြုခြင်းမှ ရပ်တန့်စေသည်။ ၎င်းသည် အခြားသူများ၏ ဒုက္ခခံစားရခြင်းအားဖြင့် ကျွန်ုပ်တို့အား ထိတွေ့ခံရစေကာ၊ သူတို့ထံ ဂရုဏာနှင့် သနားစုံမက်ခြင်းကို ပြသစေရန် ဖြစ်စေသည်။

B. သခင်ဘုရားကို ကြောက်ရွံ့ခြင်းမှာ အပြစ်များမှ ရှောင်ပြေးခြင်းမျှသာမက၊ ထိုထက်ပို၍ အတ္တကို ငြင်းပယ်ခြင်းလည်း ဖြစ်ပေသည်။ သခင်ဘုရားကို ကြောက်ရွံ့ခြင်းမှာ ကျွန်ုပ်တို့သည် အပြစ်ပြုမိခြင်း သို့မဟုတ် ကျွန်ုပ်တို့သည် လောကဆန်နေခြင်းရှိမည်ကို ကြောက်ရွံ့ခြင်းမျှသာမဟုတ်ဘဲ၊ ကျွန်ုပ်တို့လုပ်ဆောင်သောအရာသည် သခင်ဘုရားထံမှမဟုတ်ဘဲ ကျွန်ုပ်တို့မှ ထွက်ပေါ်လာမည်ကို ကြောက်ရွံ့ရန်ဖြစ်သည် - မ၊၁၆း၂၄။ ၂ကော၊၄း၅။

C. ဘုရားသခင်ကို ကြောက်ရွံ့ခြင်းသည် ပညာ၏ အစအဦးဖြစ်ကာ၊ သန့်ရှင်းသောအရှင်ကို သိကျွမ်းခြင်းသည် နားလည်နိုင်သော ဉာဏ် ဖြစ်သည်။ အသိပညာ၊ ပညာနှင့် နားလည်နိုင်သောဉာဏ်တို့သည် ဘုရားသခင်ထံမှ လာသည်။ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ကြောက်ရွံ့ခြင်း၊ ကိုယ်တော်ကို ရိုသေလေးမြတ်ခြင်း ရှိမည်ဆိုလျှင် ဤအရာများသည် ကျွန်ုပ်တို့ပိုင်ဆိုင်ရာ ဖြစ်လာမည်ဖြစ်သည် - သု၊၁း၁၊ ၇။ ၂း၄-၅။ ၃း၅-၁၀။ ၈း၁၃။ ၉း၁၀။ ၁၀း၂၇။ ၁၄း၂၊ ၂၆-၂၇။ ၁၅း၁၆၊ ၃၃က။ ၁၆း၆။ ၁၉း၂၃။

**II. ဟေရှာယက ယေဟောဝါ၏ဝိညာဉ်တော် - ပညာ၏ဝိညာဉ်တော်၊ နားလည်နိုင်သောဉာဏ်၏ ဝိညာဉ်တော်၊ ကြံစည်တော်မူခြင်း ဝိညာဉ်တော်၊ ခွန်အားတန်ခိုး၏ ဝိညာဉ်တော်၊ အသိပညာ၏ဝိညာဉ်တော်နှင့် ယေဟောဝါကို ကြောက်ရွံ့ခြင်း၏ ဝိညာဉ်တော် - သည် ခရစ်တော်အပေါ်တွင် ခိုနားမည့်အကြောင်း ပရောဖက်ပြုထားသည် - ဟေရှာ၊၁၁း၁-၂။**

A. ဝိညာဉ်တော်သည် သခင်ယေရှုနှင့်အတူ တစ်ချိန်လုံး ရှိနေပြီး၊ ကိုယ်တော်နှင့် တစ်လုံးတစ်ဝဖြစ်တော်မူသည်။ ကိုယ်တော်သည် ဝိညာဉ်တော်အားဖြင့် လျှောက်လှမ်းကာ၊ ဝိညာဉ်တော်၌၊ ဝိညာဉ်တော်နှင့်၊ ဝိညာဉ်တော်အားဖြင့်၊ ဝိညာဉ်တော်မှတစ်ဆင့် အသက်တာကို အသက်ရှင်ခဲ့သည်။ ဟေရှာ၊၁၁း၂ တွင် သခင်ဘုရား၏ လူသားအသက်ရှင်ခြင်း၌ ဝိညာဉ်တော်သည် အထက်ဖော်ပြပါ ဂုဏ်အင်္ဂလက္ခဏာများအားလုံးနှင့်အတူ ထင်ရှားပေါ်လွင်ခဲ့ကြောင်း ပြသထားသည် - လု၊၄း၁၊ ၁၄။ ၁၀း၂၁။ ယော၊ ၁း၃၂။ မ၊၁၂း၂၈။

B. ကိုယ်တော်၏ လူသားအသက်ရှင်ခြင်း၌ ယေရှုသည် သခင်ဘုရားကို ရိုသေလေးမြတ်သော၊ နာခံသော ကြောက်ရွံ့မှုရှိသည့် ဝိညာဉ်တော်ဖြင့် ပြည့်ဝခဲ့သည်။ ကိုယ်တော်သည် သခင်ဘုရားကို ကြောက်ရွံ့ခြင်း၌ နှစ်သက်ဝမ်းမြောက်ခြင်းလည်း ရှိခဲ့သည်။ ကိုယ်တော်၏ရှင်ပြန်ထမြောက်ခြင်း၌ ယခုတွင် ယေဟောဝါကို ကြောက်ရွံ့ခြင်းရှိသည့် ဝိညာဉ်တော်အဖြစ် ယေရှုခရစ်၏ အရာအားလုံး ပါဝင်သော၊ ကြွယ်ဝလှသော မစပေးသည့် ဝိညာဉ်တော်ဖြစ်ကာ၊ ကိုယ်တော်၌ သခင်ယေရှု၏ ဖော်ပြမရနိုင်သော လူသားအသက်ရှင်ခြင်းနှင့် အမူတော် ပါဝင်သည် - ဟေရှာ၊၁၁း၂-၃။ ဖိ၊၁း၁၉။

1. မည်သည့်လူသားဖြစ်ခြင်းမျှ ယေရှုပြသည့်နည်းတူ ဘုရားသခင်ကို ကြောက်ရွံ့ခြင်း မရှိဖူးကြပေ။ ဘုရားသခင်၏ ဓမ္မသစ်အမှုတော်ကို သယ်ဆောင်ခြင်း၌ သခင်ယေရှုက သူသည် မိမိကိုယ်တိုင်မှ မည်သည့်အရာကိုမျှ မလုပ်ခဲ့ကြောင်း (ယော၊ ၅း၁၉)၊ မိမိ၏ကိုယ်ပိုင်အလုပ်ကို မလုပ်ကြောင်း (၄း၃၄။ ၁၇း၄)၊ မိမိ၏ကိုယ်ပိုင်စကားကို မပြောခဲ့ကြောင်း (၁၄း၁၀၊ ၂၄)၊ ပြုတော်မူသမျှသည် မိမိကိုယ်ပိုင်အလိုဆန္ဒအားဖြင့် မဟုတ်ကြောင်း (၅း၃၀)၊ မိမိကိုယ်ပိုင် ဘုန်းအသရေကို မရှာဖွေခဲ့ကြောင်း (၇း၁၈) ပြောထားခဲ့သည်။
2. ယေရှုသည် ဘုရားသခင်၌၊ ဘုရားသခင်နှင့်အတူ၊ ဘုရားသခင်အတွက် အရာခပ်သိမ်းကို လုပ်ဆောင်ခဲ့သည့် အသက်တာကို အသက်ရှင်ခဲ့သည်။ ဘုရားသခင်သည် ကိုယ်တော်၏ အသက်ရှင်ခြင်း၌ ရှိတော်မူပြီး၊ ကိုယ်တော်သည် ဘုရားသခင်နှင့် တစ်လုံးတစ်ဝဖြစ်တော်မူသည်။ ဤသည်မှာ ယေရှု၌ရှိသော စစ်မှန်ခြင်းဖြစ်သည် (၈၊၄း၂၀-၂၁)။ ကျွန်ုပ်တို့သည် စစ်မှန်ခြင်း၏ဝိညာဉ်တော်ဖြစ်သော သခင်ဘုရားအား ကျွန်ုပ်တို့ကို ခမည်းတော်ထံ ကိုယ်တော်၏ ဝန်ခံခြင်းအသက်တာနှင့် ကိုယ်တော်၏နာခံခြင်းအသက်တာကို တွေ့ကြုံခံစားခြင်း၏ စစ်မှန်ခြင်းအထဲသို့ လမ်းပြပေးပါမည့်အကြောင်း တောင်းခံရန် လိုအပ်သည် (ယော၊၁၆း၁၃။ ဖိ၊၂း၅-၁၁)။
3. တစ်နေ့ပြီးတစ်နေ့ ကျွန်ုပ်တို့သည် ခမည်းတော်ထံသို့ အပြည့်အဝနှင့် အကြွင်းမဲ့ ဖွင့်ပေးရန် လိုအပ်ပြီး၊ အရာအားလုံးပါဝင်သောဝိညာဉ်တော်ဖြစ်သည့် ရှင်ပြန်ထမြောက်သော ခရစ်တော်ဖြင့် ကျွန်ုပ်တို့ကို ဖြည့်ပေးရန် တောင်းလျှောက်ရမည်၊ ကိုယ်တော်သည် သခင်ယေရှု၏ လူသားအသက်ရှင်ခြင်းနှင့် အမှုတော် ပါဝင်သော သခင်ဘုရားကို ကြောက်ရွံ့ခြင်းရှိသည့် ဝိညာဉ်တော်လည်းဖြစ်သည် - လု၊၁၁း၅-၁၃။

## III. ဘုရားသခင်ကို ကြောက်ရွံ့ခြင်းမှာ ကိုယ်တော်၌ ယုံကြည်ကိုးစားခြင်း ဖြစ်သည် - သု၊၃း၅-၈၊ ၂၆။ ၁၆း၁၊ ၉၊ ၂၀၊ ၃၃။ ၁၉း၂၁။ ၃၀း၅-၆။

A. သုတ္တံ ၃း၅-၈ တွင် ကျွန်ုပ်တို့၏စိတ်နှလုံးရှိသမျှဖြင့် သခင်ဘုရား၌ ကိုးစားရန်နှင့် မိမိ၏ကိုယ်ပိုင်နားလည်နိုင်သောဉာဏ်၌ မမှီခိုရမည့်အကြောင်း တိုက်တွန်းထားသည်။ ကျွန်ုပ်တို့၏နည်းလမ်းတိုင်း၌ ကျွန်ုပ်တို့သည် ကိုယ်တော်ကို သိကျွမ်းရမည်၊ ကိုယ်တော်သည် ကျွန်ုပ်တို့၏လမ်းကြောင်းများကို ဖြောင့်တန်းစေမည်ဖြစ်သည်။ ကျွန်ုပ်တို့သည် မိမိတို့အမြင်၌သာ ပညာရှိခြင်း မဖြစ်ရပေ။ ကျွန်ုပ်တို့သည် သခင်ဘုရားကို ကြောက်ရွံ့ကာ ဆိုးညစ်မှုမှ ကင်းရှင်းရမည်ဖြစ်သည်။ ဤအရာသည် ကျွန်ုပ်တို့၏ ခန္ဓာအတွက် အနာငြိမ်းခြင်းနှင့် ကျွန်ုပ်တို့၏အရိုးများသို့ သစ်လွင်လန်းဆန်းခြင်း ဖြစ်လာလိမ့်မည်။

B. "ယေဟောဝါ၌ ကိုးစားသောသူ၊ / ယေဟောဝါကို မိမိကိုးစားရာအကြောင်း ဖြစ်စေသောသူသည် ကောင်းချီးမင်္ဂလာကို ခံအပ်သောသူဖြစ်၏။ ထိုသူသည်ကား၊ ရေရှိသောအရပ်၌ ပြောင်းရွှေ့စိုက်၍ / စမ်းချောင်းနားမှာ အမြစ်ဖြာသဖြင့်၊ / ပူသောအရှိန်ရောက်သောအခါ မကြောက်၊ / အရွက် မညှိုးနွမ်း၊ / မိုးခေါင်သောနှစ်၌ စိုးရိမ်စရာမရှိဘဲ၊ / အစဉ်အမြဲ အသီးကို သီးတတ်သောအပင်နှင့် တူ၏" - ယေ၊၁၇း၇-၈။

1. ဘုရားသခင်၏စီမံကိန်းအရ ဘုရားသခင်၌ ကိုးစားသောသူသည် ရေနားမှာ စိုက်ပျိုးသည့် သစ်ပင်နှင့်တူပြီး၊ ဘုရားသခင်သည် အသက်ရေမြစ်များ၏ စမ်းရေတွင်းဖြစ်ကြောင်း ရည်ညွှန်းနေသည် - ၂း၁၃။
2. မြစ်နားမှာရှိသည့် သစ်ပင်သည် ရေ၏ကြွယ်ဝခြင်းများအားလုံးကို စုပ်ယူခြင်းအားဖြင့် ကြီးထွားခြင်းဖြစ်သည်။ ဤသည်မှာ ကိုယ်တော်၏ဝေငှဖြန့်ဖြူးခြင်းအားဖြင့် သယ်ဆောင်သည့် ဘုရားသခင်၏စီမံကိန်း ရုပ်ပုံကားချပ်ဖြစ်သည်။ ဘုရားဆိုင်ရာဝေငှဖြန့်ဖြူးခြင်းကို လက်ခံရရှိရန် သစ်ပင်များဖြစ်သည့် ကျွန်ုပ်တို့သည် ရေဖြစ်သော ဘုရားသခင်ကို စုပ်ယူရမည်ဖြစ်သည် - ညွှန်း၊ ၁ကော၊၃း၆။
3. မစပေးသော ဘုရားသခင်၏ ကြွယ်ဝခြင်းများသည် သစ်ပင်များဖြစ်သော ကျွန်ုပ်တို့အထဲသို့ ဘုရားသခင်၏ဘုရားဇာတိနှင့်အတူ ဝေငှဖြန့်ဖြူးကာ၊ ဘုရားသခင်၏အတိုင်းပမာဏအထဲသို့ ကျွန်ုပ်တို့ကို ကြီးထွားစေသည် (ကော၊၂း၁၉)။ ဤနည်းဖြင့် ကျွန်ုပ်တို့နှင့် ဘုရားသခင်သည် တစ်လုံးတစ်ဝဖြစ်ကာ၊ တူညီသော ဒြပ်သဘာဝ၊ အနှစ်သာရ၊ ဇေ့စပ်ထုံးဖွဲ့မှုနှင့် သွင်ပြင်တို့ ရှိကြသည် (ဗျာ၊၄း၃။ ၂၁း၁၁)။

C. စကားတော်ကို အလေးထားသောသူသည် ကောင်းကျိုးကို ရလိမ့်မည်၊ သခင်ဘုရား၌ ကိုးစားသောသူသည် မင်္ဂလာရှိသည် (သု၊၁၆း၂၀)။ သခင်ဘုရားသည် ကျွန်ုပ်တို့၏ယုံကြည်ကိုးစားရာဖြစ်၍၊ ကျွန်ုပ်တို့၏ခြေကို မကျော့မိစေခြင်းငှာ ကိုယ်တော် စောင့်ထိန်းတော်မူလိမ့်မည်ဖြစ်သည် (၃း၂၆)။

D. ဘုရားသခင်ကို ချစ်သောသူတို့သည် ကျမ်းစာ၌ သခင်ဘုရားထံတော်သို့ လာခြင်းအားဖြင့် ဘုရားသခင်ကို ကြောက်ရွံ့ခြင်းအား သင်ယူနေကြသည် (၂း၃-၅။ ယော၊၅း၃၉-၄၀)။ ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကျွန်ုပ်တို့ကြောက်ရွံ့ခြင်း၏ သက်သေအဖြစ် ဘုရားသခင်၏နှုတ်ကပတ်တော်သို့ ဖက်တွယ်ကာ၊ နာခံရန် အမိန့်ပေးခြင်း ခံရသည် (တရား၊၆း၂)။

## IV. သခင်ဘုရားကို ကြောက်ရွံ့ခြင်းဆိုသည်မှာ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ရိုသေလေးမြတ်ခြင်းရှိကြောင်း ဆိုလိုသည်။

A. သုတ္တံ ၃း၉-၁၀ တွင် ကျွန်ုပ်တို့သည် ကိုယ်ဥစ္စာနှင့်တကွ၊ အဦးသီးသော အသီးအနှံရှိသမျှနှင့်တကွ ယေဟောဝါအား ရိုသေလေးမြတ်ရမည်၊ သို့ပြုလျှင် ကျွန်ုပ်တို့၏ စပါးကျီတို့သည် ပြည့်လျှံ၍၊ စပျစ်သီးနယ်ရာ တန်ဆာတို့ကို အသစ်သော စပျစ်ရည် လျှံလိမ့်မည်ဖြစ်ကြောင်း ပြောထားသည်။

B. ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏အနာဂတ်အတွက် ဘဏ္ဍာကို သိုမှီးရန် ငွေများများ ရှာသူများ မဖြစ်သင့်ပါ။ အနည်းဆုံး ကျွန်ုပ်တို့၏ ထုတ်ကုန်မှ ဆယ်ဖို့တစ်ဖို့၊ အဦးသီးသောအသီးသည် ဘုရားသခင်ထံသို့ ပေးအပ်ခြင်း ရှိရမည်။ ကျွန်ုပ်တို့ကို ဘုရားသခင်ပေး ထားသည့်အရာများကို ပေးကမ်းလိုက်ခြင်း၌ ကျွန်ုပ်တို့သည် အမြဲ ရက်ရောနေရမည်။ ဤအရာက ဘုရားသခင်ကို ရိုသေလေး မြတ်ခြင်း ဖြစ်သည် - မာလ၊၃း၇-၁၂။ ၂ကော၊၉း၆-၈။

C. ကျွန်ုပ်တို့သည် ကိုယ်တော်၏နာမတော်ကို ကြောက်ရွံ့ခြင်း၌ ကျွန်ုပ်တို့၏စိတ်နှလုံး တစ်သံတစ်သမတ်တည်းရှိမည့်အကြောင်း သခင်ဘုရားထံ တိုးလျှိုးတောင်းပန်သင့်ပေသည်။ "အို ယေဟောဝါ၊ ကိုယ်တော်၏လမ်းတော်ကို အကျွန်ုပ်အား သွန်သင်တော် မူပါ။ / ကိုယ်တော်၏ သမ္မာတရားလမ်းသို့ လိုက်သွားပါမည်။ / နာမတော်ကို ကြောက်ရွံ့မည့်အကြောင်း၊ အကျွန်ုပ်၏ စိတ် နှလုံးကို တစ်သံတစ်သမတ်တည်း ဖြစ်စေတော်မူပါ။" - ဆာ၊၈၆း၁၁။

D. ကျွန်ုပ်တို့သည် "မိမိတို့ကိုယ်ကို အသွေးအသားနှင့် ဝိညာဉ်၏အညစ်အကြေး ရှိသမျှတို့နှင့် မိမိတို့ကိုယ်ကို စင်ကြယ်စေလျက်၊ ဘုရားသခင်ကို ကြောက်ရွံ့ခြင်း၌ သန့်ရှင်းခြင်းနှင့် ပြည့်စုံကြရန်" လိုအပ်သည်။ ဤနေရာရှိ ဘုရားသခင်ကို ကြောက်ရွံ့ခြင်းမှာ ဘုရားသခင်နှင့် မသက်ဆိုင်သောအရာများ သို့မဟုတ် ကိုယ်တော်နှင့် မဆက်နွှယ်သည့်အရာများကို ထိတွေ့ရန် မဝံ့ရဲခြင်း ဖြစ် သည် - ၂ကော၊၇း၁။ ၆း၁၇။

E. ခရစ်တော်ကို ကြောက်ရွံ့ခြင်း၌ ရှိခြင်းမှာ ဦးခေါင်းတော်ဖြစ်သည့် ကိုယ်တော်ကို ပြစ်မှားစော်ကားမိခြင်းအား ကြောက်ရွံ့ရန် ဖြစ်သည်။ ဤအရာတွင် ကျွန်ုပ်တို့၏ဖြစ်ခြင်းသည် အချင်းချင်းထံသို့ ဝန်ခံခြင်း ပါဝင်သည်။ ကျွန်ုပ်တို့သည် သခင်ဘုရားကို ကြောက်ရွံ့ခြင်းဖြင့် အစေခံရန် လိုအပ်သည်။ ထိုအခါ ကျွန်ုပ်တို့သည် ဝမ်းမြောက်ရွှင်လန်းရန်နှင့် သခင်ဘုရားကိုမွေ့လျော်ဝမ်း မြောက်ရန်အလို့ငှာ သခင်ဘုရားကို ကျွန်ုပ်တို့ချစ်လာလိမ့်မည်ဖြစ်သည် - ဧ၊၅း၁၈-၂၁။ ဆာ၊၂း၁၁-၁၂။ ဟေဗြဲ၊၁၂း၂၈။

F. ကျွန်ုပ်တို့အားလုံးသည် ဘုရားသခင်ကို မှန်ကန်သင့်လျော်စွာ ကြောက်ရွံ့ရမည်၊ အကြောင်းမှာ ခရစ်တော်၌ ယုံကြည်သူများ ဖြစ်သည့် ကျွန်ုပ်တို့အားလုံးသည် ခရစ်တော်၏ တရားစီရင်ရာပလ္လင်တော် ရှေ့တွင် ပေါ်လာကြရမည်ဖြစ်သည်။ ထိုအချိန်တွင် ခရစ်တော်သည် ကိုယ်တော်ပြန်ကြွလာခြင်း၌ သူ၏ယုံကြည်သူများကို သူတို့၏ထာဝရကယ်တင်ခြင်းနှင့် စပ်လျဉ်း၍မဟုတ်ဘဲ သူတို့၏ ခေတ်ကာလဆိုင်ရာ ဆုရရှိခြင်းနှင့် စပ်လျဉ်း၍ တရားစီရင်လိမ့်မည်ဖြစ်သည် - ၂ကော၊၅း၁၀။ ၁ကော၊၄း၄-၅။ ၃း၁၃-၁၅။ ရော၊၁၄း၁၀။

G. သခင်ဘုရားကို ကြောက်ရွံ့ခြင်းသည် အသက်တာရှည်ခြင်းအဖို့ နည်းလမ်းဖြစ်သည် (သု၊၁၀း၂၇)။ ဘုရားသခင်က ကိုယ်တော် ကို ကြောက်ရွံ့သောသူများအား ချစ်ခြင်း၊ ကယ်တင်ခြင်း၊ ကွယ်ကာခြင်း၊ ကောင်းချီးပေးခြင်းနှင့် မစပေးခြင်း ပြုနေသည် (ဆာ၊ ၁၀၃း၁၁၊ ၁၃၊ ၁၇။ ၈၅း၉။ ၆၀း၄။ သု၊၁၄း၂၆-၂၇။ ဆာ၊၁၁၅း၁၂-၁၃။ ၃၄း၉။ ၁၁၁း၅)။

H. သခင်ဘုရားကို ကြောက်ရွံ့သောသူတို့၏ ဥပမာများမှာ နောဧ (ဟေဗြဲ၊၁၁း၇)၊ အာဗြဟံ (က၊၂၂း၁၂)၊ ယောသပ် (၄၂း၁၈)၊ ဒါဝိဒ် (ဆာ၊၂း၁၁-၁၂။ ၅း၇)၊ နေဟမိ (နေ၊၁း၁၁။ ၅း၉၊ ၁၅) နှင့် ကနဦးအသင်းတော် (တ၊၉း၃၁) တို့ဖြစ်သည်။

**V. သခင်ဘုရားကို သန့်ရှင်းသော ကြောက်ရွံ့ခြင်းမှာ အမှန်တွင် ဝမ်းမြောက်ခြင်း၏ အရင်းအမြစ် ဖြစ်ကာ (ဆာ၊၂း၁၁)၊ အသက်၏ အရင်းအမြစ် (သု၊၁၄း၂၇) နှင့် အသက်ပင်အဖြစ် (၁၁း၃၀) ကိုယ်တော်၏စီမံကိန်းကို သယ်ဆောင်ခြင်းအတွက် ဘုရားသခင်ကို ကျွန်ုပ်တို့အထဲသို့ ဝေငှဖြန့်ဖြူးပေးသည်။**

A. သခင်ဘုရားကို ကြောက်ရွံ့ခြင်းသည် အသက်၏စမ်းရေတွင်းဖြစ်ပြီး၊ လူကို သေခြင်း၏ ကျော့ကွင်းများမှ လွဲရှောင်သွားစေနိုင်သည်။ သခင်ဘုရားကို ကြောက်ရွံ့ခြင်း၊ သခင်ဘုရား၌ ကိုးစားခြင်းနှင့် သခင်ဘုရား၏နာမတော်၌ ခိုလှုံခြင်းတို့သည် အသက်၏လမ်းများ၌ လျှောက်လှမ်းခြင်းဖြစ်သည် (၂း၁၉။ ၅း၆။ ၁၀း၁၇။ ၁၄း၂၇။ ၁၉း၂၃။ ဆာ၊၁၆း၁၁)။ အသက်၏လမ်းများမှာ အသက်ပင်၏ လမ်းများဖြစ်ပြီး၊ ၎င်း၏အရင်းအမြစ်မှာ ဘုရားသခင်ကိုယ်တော်တိုင်ဖြစ်သည် (သု၊၃း၁၃၊ ၁၈။ ၁၁း၃၀။ ၁၃း၁၂။ ၁၅း၄)။

B. သခင်ဘုရားကို ကြောက်ရွံ့ခြင်းသည် အသက်သို့ ဦးဆောင်ပေးသည်။ ၎င်းသည် တင်းကျပ်သောလမ်း (အများ၏လမ်းမဟုတ်ဘဲ၊ အနည်းငယ်သောသူတို့၏လမ်း) ဖြစ်ကာ၊ အသက်သို့ ဦးဆောင်ပေးသည်။ အသက်၏လမ်းများသည် ကျွန်ုပ်တို့အဖို့ ဘုရားသခင်၌ အသက်ရှင်ရန် ဖြစ်ပြီး၊ ထိုသို့ဖြင့် အသက်ကို ထိတွေ့ကာ ရယူနိုင်ရန် ဖြစ်သည်။ ဤလမ်းများသည် ကျွန်ုပ်တို့က ကိုယ်တော်အထဲသို့ ဝင်ရောက်ရန် ကျွန်ုပ်တို့၏စိတ်နှလုံးများတွင် ဘုရားသခင်ထားရှိပေးသည့် လမ်းမကြီးများ ဖြစ်သည် - ၁၉း၂၃။ မ၊၇း၁၃-၁၄။ ဆာ၊၈၄း၅။

C. သေခြင်း၏နည်းလမ်းများမှာ ကောင်းမကောင်း သိကျွမ်းရာအပင်၏ လမ်းများဖြစ်ပြီး၊ ၎င်း၏အရင်းအမြစ်သည် စာတန်ဖြစ်ကာ၊ ကျွန်ုပ်တို့၏အတ္တတွင် ထင်ရှားပေါ်လာသည်။ အတ္တကို အသက်ရှင်ခြင်းမှာ ဘုရားသခင်၏မျက်မှောက်တော်မပါရှိခြင်း၊ မှောင်မိုက်လမ်း၌ လျှောက်လှမ်းခြင်းနှင့် အသက်ကင်းမဲ့ခြင်းပင် ဖြစ်သည် - သု၊၂း၁၃။ ၃း၅-၇။ ၁၄း၁၂။ ၁၆း၂၅။ ဧ၊၅း၂၊ ၈-၉။

**VI. ဘုရားသခင်သည် ကိုယ်တော်၏ လူမျိုးတော်ဖြစ်သည့် ကျွန်ုပ်တို့ကို နေ့ရက်များတစ်လျှောက် ကိုယ်တော်ကို ကြောက်ရွံ့စေရန် စိတ်နှလုံးတစ်ခု၊ နည်းလမ်းတစ်ခုကို ပေးရန် ကတိပေးထားခဲ့သည်၊ ယင်းမှာ ကျွန်ုပ်တို့ကိုယ်တိုင်၏ကောင်းကျိုးနှင့် ကျွန်ုပ်တို့ ပြီးနောက် ကျွန်ုပ်တို့သားသမီးများ၏ ကောင်းကျိုးအတွက်ဖြစ်ကာ၊ ကိုယ်တော်ကို ကြောက်ရွံ့ခြင်းအား ကျွန်ုပ်တို့၏စိတ်နှလုံးများတွင် ထည့်ထားပေးသည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်ထံမှ လမ်းလွဲသွားခြင်း မရှိနိုင်ရန်ဖြစ်သည် - ယေ၊၃၂း၃၉-၄၀။**

A. ဘုရားသခင်၏ရွေးချယ်ခံလူများဖြစ်သော ကျွန်ုပ်တို့အားလုံးသည် စိတ်နှလုံးတစ်ခုတည်း - ဘုရားသခင်ကို ချစ်ရန်၊ ဘုရားသခင်ကို ရှာဖွေရန်၊ ဘုရားသခင်ကို အသက်ရှင်ရန်နှင့် ဘုရားသခင်ဖြင့် စေ့စပ်ထုံးဖွဲ့၍ ကိုယ်တော်၏ထင်ရှားခြင်း ဖြစ်လာရန် - နှင့် နည်းလမ်းတစ်ခုတည်း - အတွင်းပိုင်း အသက်၏တရားနှင့် ၎င်း၏ဘုရားဆိုင်ရာ စွမ်းဆောင်ရည်ဖြစ်သည့် သုံးပါးတစ်ပါး ဘုရားသခင်ကိုယ်တော်တိုင် - ကိုသာ ရရှိထားရမည်ဖြစ်သည် - အဃ၊၃၉။ ၃း၃၃-၃၄။ ယော၊၁၄း၆က။ ရော၊၈း၂။

B. ဤစိတ်နှလုံးတစ်ခုနှင့် နည်းလမ်းတစ်ခုမှာ သဘောတညီတညွတ်ဖြစ်ခြင်း ဖြစ်သည် (တ၊၁း၁၄။ ၂း၄၆။ ၄း၂၄၊ ရော၊၁၅း၆)။ ကွဲပြားခြင်းများသည် ခရစ်တော်ထက် အခြားတစ်စုံတစ်ရာအဖို့ စိတ်နှလုံးရှိခြင်းနှင့် ခရစ်တော်ထက် အခြားသောနည်းလမ်းကို ယူဆောင်ခြင်းမှ ထွက်ပေါ်လာသည်။

C. ဘုရားသခင်သည် ထာဝရပဋိညာဉ်၊ အသစ်သောပဋိညာဉ်ကို ပြုခဲ့သည်။ ဤပဋိညာဉ်တရားအားဖြင့် ဘုရားသခင်သည် ကျွန်ုပ်တို့ထံမှ ရှောင်လွှဲမသွားဘဲ၊ ကိုယ်တော်ကို ကြောက်ရွံ့ခြင်းအား ကျွန်ုပ်တို့၏စိတ်နှလုံးများ၌ ထားရှိပေးမည်ဖြစ်သည်၊ သို့မှသာ ကျွန်ုပ်တို့သည် ကိုယ်တော်ထံမှ လွဲရှောင်မသွားဘဲ ရှိနိုင်မည်ဖြစ်သည် - ယေ၊၃၂း၄၀။

D. ကျွန်ုပ်တို့သည် ဘုရားသခင်ကို ကြောက်ရွံ့သောအခါ ကျွန်ုပ်တို့ရွေးချယ်ရမည့် လမ်းနှင့်စပ်လျဉ်း၍ ဘုရားသခင်အားဖြင့် သွန်သင်ညွှန်ကြားခံရပြီး၊ ဘုရားသခင်၏ရင်းနှီးကျွမ်းဝင်သော အကြံဉာဏ်တော်နှင့် ကိုယ်တော်၏ပဋိညာဉ်တို့ကို သိရန် တတ်စွမ်းနိုင်ကြမည်ဖြစ်သည်။ ဘုရားသခင်ကို ကြောက်ရွံ့သောသူတို့သာလျှင် ဘုရားသခင်၏ ပဋိညာဉ်တရားကို ဖွင့်ပြခြင်းအား ရရှိနိုင်ကာ၊ ကိုယ်တော်ကို ကြောက်ရွံ့သောသူတို့ကိုသာ ကိုယ်တော်သည် ရင်းနှီးကျွမ်းဝင်သော အကြံဉာဏ်တော်ကို ပေးတော်မူသည် - ဆာ၊၂၅း၁၂၊ ၁၄။

**VII. သခင်ဘုရားကို ကြောက်ရွံ့ခြင်းနှင့် သခင်ဘုရားကို ချစ်ခြင်းသည် ကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွှတ်ခံရခြင်း၏ အံ့သြဖွယ်သော ရလဒ်နှစ်ခု ဖြစ်သည်။**

A. ဘုရားသခင်၏ ခွင့်လွှတ်တော်မူခြင်းသည် လူအား မထီလေးစားပြုရန်နှင့် မဆင်မခြင်ပြုမူရန် ဖြစ်လာစေခြင်းမဟုတ်ပါ။ ဘုရားသခင့်ခွင့်လွှတ်တော်မူခြင်း၏ ကျေးဇူးတော်သည် လူအား သခင်ဘုရားကို ကြောက်ရွံ့ခြင်းအထဲသို့ ခေါ်ဆောင်ပေးသည်၊ "ကိုယ်တော်ကို ကြောက်ရွံ့စရာ အကြောင်း ရှိစေခြင်းငှာ၊ / အပြစ်လွှတ်ခြင်းအခွင့်ကို ပိုင်တော်မူ၏။" - ၁၃၀း၄။

B. ဘုရားသခင့်ခွင့်လွှတ်တော်မူခြင်း၏ ကျေးဇူးတော်သည် ကျွန်ုပ်တို့အား ဘုရားသခင်ကို ချစ်ရန်လည်း ဖြစ်စေသည်။ လုကာစာစောင်ရှိ အပြစ်ပြည့်ဝသော မိန်းမသည် သခင်ဘုရားကို ချစ်ရခြင်း၏ အကြောင်းရင်းမှာ သူမသည် သခင်ဘုရားအားဖြင့် များစွာ ခွင့်လွှတ်ခံရသောကြောင့်ဖြစ်သည် - ၇း၃၉-၅၀။

C. သခင်ဘုရားသည် ကျွန်ုပ်တို့ကို ခွင့်လွှတ်ခြင်း ရှိလေလေ၊ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ကြောက်ရွံ့လေလေဖြစ်သည်။ ကိုယ်တော်ကို ကျွန်ုပ်တို့ကြောက်ရွံ့လေလေ၊ ကိုယ်တော်ကို ကျွန်ုပ်တို့ချစ်လေလေဖြစ်သည်။ အနုတ်လက္ခဏာဘက်၌ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ကြောက်ရွံ့သောကြောင့် ကိုယ်တော်နှစ်သက်ခြင်းမရှိသော အရာများကို လုပ်ဆောင်ခြင်းမှ ရှောင်ကြဉ်နိုင်မည်ဖြစ်သည်။ အပေါင်းလက္ခဏာဘက်၌ ကျွန်ုပ်တို့သည် ကိုယ်တော်ကို ချစ်သောကြောင့် ကိုယ်တော်အဖို့ နှစ်လိုဖွယ်သော အရာများကို လုပ်ဆောင်ကြသည်။

**VIII. သုတ္တံ ၃၁ တွင် သခင်ဘုရားကို ကြောက်ရွံ့ခြင်း၏ ပုံစံနှစ်ခုကို တင်ဆက်ပြသထားသည်။ တစ်ဖက်တွင် ကျွန်ုပ်တို့သည် ရှင်ဘုရင်ကဲ့သို့ သခင်ဘုရားကဲ့သို့ တော်ဝင်ဆိုင်ရာလူဖြစ်ကာ၊ အုပ်စိုးရန် အခွင့်အာဏာရှိရမည်ဖြစ်သည်။ အခြားတစ်ဖက်တွင် ကျွန်ုပ်တို့သည် အသရေရှိသောမိန်းမဖြစ်ကာ၊ ဘုရားသခင်၏အိမ်တော်ရှိ သန့်ရှင်းသူများ၏လိုအပ်ချက်များကို စီစဉ်ရန်၊ စီမံညွှန်ကြားရန်၊ ဂရုစိုက်ရန်နှင့် မစရန် သိသောသူဖြစ်ရမည်။**

A. သုတ္တံ ၃၁း၃ မှ ၉ အထိတွင် စိုးစံသောရှင်ဘုရင်အကြောင်း ပြောထားသည် - ထိုသူသည် စပျစ်ရည်ကို မသောက်ဘဲ၊ အခြားသူများ၏ အခွင့်အရေးအတွက် စကားပြောကာ၊ တရားမျှတခြင်းကို အမှုဆောင်သောသူ (ခရစ်တော်နှင့် အောင်မြင်သောသူများကို ပုံဆောင်ခြင်း) ဖြစ်သည်။ ဤသို့သောသူသာလျှင် စိုးစံခြင်း ပြုနိုင်သည်။

1. ကျွန်ုပ်တို့၏သခင်ဘုရားသည် ဘုရားသခင်၏ကန့်သတ်မှုအောက်တွင် အပြည့်အဝ ရှိခဲ့သည်။ ထို့ကြောင့် ကိုယ်တော်သည် ဘုရားသခင်အတွက် စိုးစံခြင်းပြုနိုင်ခဲ့သည်။ ကျွန်ုပ်တို့သည် ဘုရားသခင်အားဖြင့် ကန့်သတ်ခံရကာ၊ ကျွန်ုပ်တို့ကိုယ်ကို ဆက်ဆံဖြေရှင်းခြင်း ရှိနိုင်မည်ဆိုလျှင်၊ ကျွန်ုပ်တို့သည် ဘုရားသခင်အတွက် စိုးစံခြင်းငှာ တတ်နိုင်မည်ဖြစ်သည်။
2. လူများအပေါ် အုပ်စိုးခြင်း၌ ရှင်ဘုရင်သည် ဦးစွာ ဘုရားသခင်၏နှုတ်ကပတ်တော်ဖြင့် သွန်သင်ခြင်း၊ အုပ်ချုပ်ခြင်း၊ အစိုးရခြင်း၊ ထိန်းချုပ်ခြင်း ခံရမည်ဖြစ်သည်။ အသင်းတော်များရှိ အသက်ကြီးသူများအဖို့မှာလည်း အလေ့အလာမှာ ထို့အတူ ဖြစ်သင့်ပေသည် - တရား၁၇း၁၄-၂၀။
    a. အသင်းတော်ကို စီမံခန့်ခွဲရန်၊ စီစဉ်ညွှန်ကြားရန်အလို့ငှာ အသက်ကြီးသူများသည် ဘုရားသခင်၏ သန့်ရှင်းသော နှုတ်ကပတ်တော်ဖြင့် စေ့စပ်ထုံးဖွဲ့ခြင်း ရှိရမည်ဖြစ်သည်။ ရလဒ်အနေဖြင့် သူတို့သည် ဘုရားသခင်၏အုပ်စိုးမှုအောက်၌၊ ဘုရားသခင်၏အစိုးရခြင်းနှင့် ထိန်းချုပ်ခြင်းအောက်၌ ရှိကြလိမ့်မည်ဖြစ်သည်။
    b. ထိုအခါ အလိုအလျောက်ပင် ဘုရားသခင်သည် သူတို့၏ဆုံးဖြတ်ခြင်းများ၌ ရှိလိမ့်မည်ဖြစ်ကာ၊ အသက်ကြီးသူများသည် အသင်းတော်၏ အရေးကိစ္စများကို စီမံညွှန်ကြားခြင်းငှာ ဘုရားသခင်ကို ကိုယ်စားပြုကြလိမ့်မည်ဖြစ်သည်။ ဤသို့သော စီမံညွှန်ကြားခြင်းမှာ သီအိုကရေစီ (ဘုရားဆိုင်ရာအုပ်ချုပ်မှု) ဖြစ်သည်။

B. သုတ္တံ ၃၁း၁၀ မှ ၃၁ အထိတွင် အသရေရှိသော မိန်းမအကြောင်း ဖော်ပြထားသည် (၁၂း၄။ ၁၉း၁၄။ ရှသ၊၃း၁၁) - သူသည် ပညာရှိသော၊ ကြင်နာသော၊ လုံ့လဝီရိယရှိသော၊ စွမ်းဆောင်နိုင်သောသူဖြစ်ကာ၊ သူမ၏အိမ်ထောင်စုကို စီမံခြင်း၊ ညွှန်ကြားခြင်းနှင့် မစခြင်းပြုနိုင်သောသူဖြစ်သည်။ "ထိုသို့သောမိန်းမသည် သန္တာကျောက်များထက် အဖိုးသာ၍ ထိုက်ပေ၏" (သု၊ ၃၁း၁၀)။ သူမ၏ဘုန်းသည် ရွှယ်တူများအပေါင်းတို့ထက် သာလွန်ပေသည် (အငယ်၊၂၉)။ ဤအသရေရှိသောမိန်းမသည် အသင်းတော်နှင့် သခင်ဘုရားကို ချစ်သောသန့်ရှင်းသူများကို ပုံဆောင်သည်။

1. အသရေရှိသောမိန်းမ၏ အဓိက ဝိသေသလက္ခဏာမှာ သူမသည် သခင်ဘုရားကို ကြောက်ရွံ့သည် (ရိုသေလေးမြတ်စွာ သခင်ဘုရားကို ကိုးကွယ်ခြင်း၊ နာခံခြင်း၊ အစေခံခြင်းနှင့် ကြောက်ရွံ့ခြင်းအပြည့်ရှိသည့် လေးစားမှုဖြင့် ကိုးစားခြင်း)။ "တင့်တယ်ခြင်းသည် လှည့်စားခြင်းနှင့်ပြည့်၍၊ လှသောအဆင်းသည်လည်း အချည်းနှီးဖြစ်၏။ သို့သော် ယေဟောဝါကို ကြောက်ရွံ့သောမိန်းမသည် ချီးမွမ်းခြင်းကို ခံရလိမ့်မည်" - အငယ်၊၃၀။
2. အသရေရှိသော မိန်းမ၏ ခင်ပွန်း၏စိတ်နှလုံးသည် သူမကို ယုံကြည်စိတ်ချသည်။ "ထိုမယားသည် မိမိခင်ပွန်းအကျိုးကို မဖျက်၊ / တစ်သက်လုံး ပြုစုတတ်၏" (အငယ်၊၁၂)။ "သူမ၏ခင်ပွန်းသည်လည်း မြို့တံခါးတို့၌ ပြည်သား အသက်ကြီးသူ တို့နှင့် ထိုင်၍၊ / ထင်ရှားသောသူ ဖြစ်ရ၏" (အငယ်၊၂၃)။
3. ထိုသို့ အသရေရှိသော၊ သတိပညာရှိသောမိန်းမသည် သူမ၏ခင်ပွန်းအဖို့ သခင်ဘုရားထံမှ သရဖူကဲ့သို့ဖြစ်သည် (၁၂း၄)။ သူမ၏သားသမီးများနှင့် ခင်ပွန်းက ထ၍ သူမကို ကောင်းချီးပေးတတ်ကြ၏ (၃၁း၂၈)။ သူမ၏ခင်ပွန်သည်လည်း သူမ သည် အခြားသူများအားလုံးထက် သာလွန်သည်ဟု ပြောဆိုခြင်းဖြင့် သူမကို ချီးမွမ်းတတ်သည် (အငယ်၊၂၉)။
4. ခင်ပွန်းသည် ဇနီး၏ "ကြောက်ရွံ့ခြင်း၌ရှိသော အသက်တာ၏ စင်ကြယ်သော အပြုအမူ"ကို မိမိ၏မျက်စိဖြင့် မြင်နိုင်ရ မည်ဖြစ်သည်။ သူမ၏ တန်ဆာဆင်ခြင်းသည် ဆံပင်ကျစ်ခြင်း၊ ရွှေဆင်ခြင်း၊ အဝတ်ဝတ်ခြင်း တည်းဟူသော အပြင် တန်ဆာဆင်ခြင်း မဖြစ်စေဘဲ၊ "ဘုရားသခင့်ရှေ့မှာ အဖိုးများစွာ ထိုက်သော နူးညံ့ငြိမ်သက်ခြင်း ဝိညာဉ် တည်းဟူသော မဖောက်ပြန်မပျက်စီးတတ်သော တန်ဆာဆင်ခြင်းရှိသော စိတ်နှလုံး၏ အတွင်းလူ ဖြစ်စေရမည်"ဖြစ်သည် -၁ပေ၊၃း၁-၄။
5. မှန်ကန်သင့်လျော်သည့် အသင်းတော်အသက်တာ၌ ညီအစ်မများသည် ကျစ်သောဆံပင်၊ ရွှေတန်ဆာ၊ ပုလဲတန်ဆာ၊ အဖိုး ထိုက်သော အဝတ်နှင့် ကိုယ်ကို မဆင်ဘဲ၊ ရှက်ကြောက်ခြင်း၊ ဣန္ဒြေစောင့်ခြင်းအားဖြင့် လျောက်ပတ်သော အဝတ်နှင့် လည်းကောင်း၊ ဘုရားသခင်အား ကြောက်ရွံ့ရိုသေလေးမြတ်ခြင်းကို ဝန်ခံပြုစုသောမိန်းမ ဆင်သင့်သည်အတိုင်း ကောင်း သောအကျင့်အားဖြင့် ကိုယ်ကို တန်ဆာဆင်ခြင်း" ရှိကြရမည်ဖြစ်သည်။ ဘုရားဝတ်မွေ့လျော်သော ရိုသေလေးမြတ်ခြင်း မှာ ဘုရားသခင်ထံသို့ ဘုရားဝတ်မွေ့လျော်ခြင်းဆိုင်ရာ ကြောက်ရွံ့ခြင်း၊ ဘုရားသခင်၏ ရိုသေခြင်းနှင့် လေးမြတ်ခြင်းဖြစ် ကာ၊ ၎င်းသည် ဘုရားသခင်ကို ကိုးကွယ်သောသူအဖို့ သင့်လျော်သည့်အရာဖြစ်သည် - ၁တိ၊၂း၉-၁၀။
6. အသက်ကြီးရင့်သော မိန်းမတို့သည် သူတို့၏အကျင့်အကြံ၊ သူတို့၏အပြုအမူ၌ ရိုသေလေးစားထိုက်သူ ဖြစ်ရမည်၊ သို့မှ သာ "သူတို့သည် အသက်ပျိုသော မိန်းမတို့အား ကိုယ်ခင်ပွန်းကို ချစ်သောသူ၊ သားသမီးကို ချစ်သောသူဖြစ်ရန် သွန်သင် ပဲ့ပြင်ပေးခြင်းဖြင့်၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကို စော်ကားခြင်းနှင့် ကင်းလွတ်စိမ့်သောငှာ၊ ဣန္ဒြေစောင့်သောသူ၊ စင်ကြယ်သောသူ၊ မိမိအိမ်ကို ပြုစုသောသူ၊ ကောင်းမွန်သောသူ၊ ခင်ပွန်း၏ အုပ်စိုးခြင်းကို ဝန်ခံသောသူ ဖြစ်စေမည်" ဖြစ် သည် - တိတု၊၂း၃-၅။

C. အောင်မြင်ခြင်း၏ သွင်ပြင်၌ ကျွန်ုပ်တို့သည် ရှင်ဘုရင်ကဲ့သို့ ဖြစ်ရမည်။ သခင်ဘုရားကို ချစ်ခြင်း သွင်ပြင်၌ ကျွန်ုပ်တို့သည် အသရေရှိသောမိန်းမကဲ့သို့ ဖြစ်ရမည်။ ဤကဲ့သို့ဖြစ်ခြင်းသည် ကျွန်ုပ်တို့အား သခင်ဘုရားရှေ့တော်၌ တန်ဖိုးရှိသော၊ ဘုန်းထင် ရှားသောသူဖြစ်စေမည်ဖြစ်သည်။

*© 2020 Living Stream Ministry*